★ ယူတီကာမြို့ ★

# အမှိုက်သရိုက်နှင့်ပြန်လည်အသုံးပြုခြင်း။

အမှိုက်သိမ်းယူခြင်း နှင့် ပစ်ခြင်းဆိုင်ရာ သတင်းအချက်အလက်များ



ONEIDA-HERKIMER SOLID WASTE AUTHORITY

## ပြန်လည်အသုံးမပြုတော့သော ပစ္စည်းများ

**ထုပ်ပိုးရန်အတွက် ဖော့အထုပ်များ –** အကယ်၍ သင်၌ဖော့အထုပ် အမြောက်အများရှိပါက၊ ၎င်းကို သတ္တု /ပလပ်စတစ် အမှိုက်ပုံးအတွင်းသို့ စွန့်ပစ်သင့်သည်။

**ပြတင်းပေါက်များ၊ မှန်များ၊ မှန်ပြားများနှင့် မှန်ကွဲစများ –** ပြတင်းတံခါးမှန်များ၊ မှန်ပြားများ၊ မှန်ကွဲစများနှင့် မှန်များအား အဖုံးလုံစွာပိတ်ထားသောအမှိုက်ပုံး (သင့် လိမ္မော်ရောင်/ပြန်လည် အသုံးပြုသောပုံး မဟုတ်) ထဲသို့လွှင့်ပစ်သင့်သည်။ မှန်ဘောင်နှင့် မှန်များအား လမ်းဘေးနေရာတွင်စွန့်ပစ်ပါပြီး မှန်ပေါ်တွင် "X"လက္ခဏာ သင်္ကေတန် အမှတ်အသားပြုလုပ်ထားမှသာ ကိုင်တွယ် စွန့်ပစ်သောအခါတွင် ထိရှခြင်းမှ ကင်းဝေးစေမည်ဖြစ်သည်။

**ဆေးရောင်စုံဘူးများ –** ဆေးရောင်စုံဘူးများအား ပြန်လည် အသုံးပြု၍ မရပေ။ ဘူးခွံလွတ် သို့မဟုတ် ဆေးခြောက်နေသောဘူးများအား အိတ်ပြာအတွင်းသို့ ထည့်ထား ရမည်။ အကယ်၍ သင်၌လွှင့်ပစ်စရာ တဏ်ဝန်ရှိသူများ၏ ဆေးရောင်စုံဘူးများရှိပါက၊ နေအိမ်တွင်းအန္တရာယ်ရှိသော အမှိုက်သရိုက်များကောက်ယူရေးနေရာ (Authority's Household Hazardous Waste Collection Facility) သို့ ဧပရယ်လမှ စက်တင်ဘာလအထိ သွားရောက်ပေးအပ်နိုင်ပါသည်။

**အဝတ်လှန်းချိတ်များ –** ပလပ်စတစ်အိတ်ပြာအတွင်းထည့်ပါ။

**ပလပ်စတစ်ကစားစရာအရုပ်များ –** အိတ်ပြာအတွင်းထည့်ပါ။ ကစားစရာအရုပ်များသည် အိတ်ပြာအရွယ်အစားထက် ကြီးမားနေပါက ၎င်းတို့ကို လမ်းဘေးလူသွား လမ်းဘေးဘောင်ကလေးဘေးတွင် အမှိုက်အဖြစ်သို့ သွားထား ထားပါ။

**အဝတ်အစားများ၊ ရှူးဖိနပ်များ၊ အားကစားဖိနပ်များနှင့် အိပ်ယာခင်းများအား –** အိတ်ပြာအတွင်းထည့်ပါ။ အကယ်၍ ကောင်း (မပျက်စီး) သေးပါက၊ ရှုလအေသေည ဗမာပ သို့မဟုတ် Rescue Mission ကဲ့သို့သော ပရိဂရမ်များသို့လှူဒါန်းလိုက်ပါ။

**လိုက်ကာ၊ ကန့်လန့်များ –** ၎င်းတို့ကို ကြပ်ကြပ်စည်းနှောင်ထားခြင်း သို့မဟုတ် သတ္တု သို့မဟုတ် ပလပ်စတစ်အမှိုက်ပုံးအတွင်းထည့်ပါ။

**(လျှပ်စစ်) မီးချောင်းများ –** မီးချောင်းများနှင့် မီးသီးအမျိုးမျိုး (CFLs) တို့တွင် မာကျူရီမာတ်သတ္တုပစ္စည်းများပါဝင်ပြီး ၎င်းတို့အားလွှင့်ပစ်သောအခါ သဘာဝ ပတ်ဝန်းကျင်အားအလေးထားဂရုပြုသင့်သည်။ ဒေသတွင်းနေထိုင်သူများအနေဖြင့် ၎င်းမီးသီးများအား ဘေးကင်းစွာဖယ်ရှားပစ်နိုင်ရန်အတွက် နေအိမ်တွင်းအန္တရာယ် ရှိသော အမှိုက်သရိုက်များကောက်ယူရေးနေရာ (Authority's Household Hazardous Waste Collection Facility) သို့လွှဲပြောင်းပေးသင့်သည်။ မီးချောင်းများအား တစ်နှစ်ပတ်လုံးလက်ခံသည်။ အကယ်၍ သင့်အနေဖြင့် မီးသီးများအား နေအိမ်တွင်းအန္တရာယ်ရှိသောအမှိုက်သရိုက်များကောက်ယူရေးနေရာ (Authority's Household Hazardous Waste Collection Facility) သို့လွှဲပြောင်းပေးရန်မဖြစ်နိုင်ပါက၊ ၎င်းမီးသီး မည်သည့်အရွယ်အစား/ပုံသဏ္ဍာန်မဆို တို့ကိုမဆို (တိပ်နှင့်စည်းနှောင်ထားပြီး) အိတ်ပြာအတွင်းထည့်သွင်းပါ။

ဤချက်အလက်များ ပိုမိုသိရှိလိုပါက ဆက်သွယ်ရန်လိပ်စာ –
**Oneida-Herkimer Solid Waste Authority**
1600 Genesee Street
Utica, New York 13502
731.0238 | ohswa.org

**Oneida-Herkimer**
**Solid Waste Authority**
1600 Genesee Street
Utica, New York 13502

